ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက် )**

**[ အင်္ဂါနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များတွင် နွားနောက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က နွားနောက်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူမှုနည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့်မျိုးပွားမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ကူညီဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း လိုအပ်မည့်ငွေကြေးအရင်းအမြစ် ရရှိရေးအတွက် နွားနောက်မွေးမြူရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နှစ်ဆင့်ခံချေးငွေ (Two Step Loan) ရရှိရေးကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ခ) ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဇရပ်လှကျေးရွာအုပ်စု ကြိမ်မြောင်းကျေးရွာရှိ မကွေးစက်မှု(၂) တိုင်းရုံးနှင့် နယ်သာလန်နိုင်ငံအလှူရှင်တို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့သော စက်ရေတွင်းနှင့်စင်မြင့်ရေစင်တို့ကို ပြန်လည်ပြုပြင်လျက် သောက်သုံးရေဖြန့်ဝေပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ကြိမ်မြောင်းကျေးရွာ မိုနိုပန့်စက်ရေတွင်းအား ပြန်လည်အသုံးပြုနိုင်ရန်အတွက် စက်ရေတွင်းအတွင်းပိုင်းအား Bore Hole Camera ဖြင့်စစ်ဆေးခြင်း၊ Well Developing လုပ်ငန်းဆောင်ရွက်ခြင်း၊ စက်ရေတွင်းကောင်းမွန်ပါက ရေမြှုပ်ပန့်လဲလှယ်တပ်ဆင်နိုင်ရေးဆောင်ရွက်ခြင်းနှင့် စင်မြင့်

ရေစင် အခြေအနေကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားရန်ရှိပြီး ယခုကဲ့သို့ ဆောင်ရွက်သွားနိုင်ရေးအတွက် ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး တွင်းပြင်ဆင်ရနိုင်မှုအခြေအနေရှိပါက လိုအပ်မည့်ဘဏ္ဍာရန်ပုံငွေအတွက် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဂ) ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းခြင်းမတိုင်မီအချိန်က တည်ဆဲဥပဒေအရ လုပ်ငန်းဆောင်ရွက်ခဲ့ကြသည့် ငါး၊ ပုစွန်၊ မွေးမြူရေးကန်များအား ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ တရားဝင်လုပ်ပိုင်ခွင့်ရရှိရေး အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးပြီး ငါး၊ ပုစွန် မွေးမြူရေးကန်များကို အာမခံပစ္စည်းအဖြစ်သတ်မှတ်၍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်ချေးငွေများရရှိရေး ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပြဋ္ဌာန်းခြင်းမတိုင်မီ လုပ်ငန်းဆောင်ရွက်ခဲ့သည့် ငါး၊ ပုစွန် မွေးမြူရေးကန်များအား မွေးမြူလုပ်ကိုင်သူများမှ ငါး၊ ပုစွန်မွေးမြူရန် အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ ၊ နည်းဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ပြီး ငါး၊ ပုစွန် မွေးမြူရေးကန်များကို အာမခံပစ္စည်းအဖြစ် သတ်မှတ်၍ လိုအပ်သောရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်ချေးငွေများရရှိရေးဆောင်ရွက်ရန်ကိစ္စရပ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှလည်း လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

**အဆိုဆွေးနွေးခြင်း**

၃။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမား များအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice)နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးသည်။

၄။ အစည်းအဝေးကို ၁၁:၁၃ နာရီအချိန်တွင် ရပ်နားပြီး နဝမနေ့ အစည်းအဝေးကို ၃၀-၅-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**